တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နည်းဥပဒေ အမှတ် ၃/၈၉)

၁၃၅၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၁၉၈၉ ခုနှစ်၊ မေလ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ တပ်မတော်နည်းဥပဒေများတွင် ပါရှိသည့်-

(က) ''ကာကွယ်ရေးဦးစီးချုပ်'' ဆိုသည့် စကားရပ်အစား ''တပ်မတော်ကာကွယ်ရေးဦးစီးချုပ်''

(ခ) ''သက်ဆိုင်ရာဒုကာကွယ်ရေးဦးစီးချုပ်'' ဆိုသည့် စကားရပ်အစား ''သက်ဆိုင်ရာ ကာကွယ်ရေး ဦးစီးချုပ်''

(ဂ) ''ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်းတပ်)'' ဆိုသည့် စကားရပ်အစား ''ကာကွယ်ရေးဦးစီးချုပ် (ကြည်း)''

(ဃ) ''ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေတပ်)'' ဆိုသည့် စကားရပ်အစား ''ကာကွယ်ရေးဦးစီးချုပ် (ရေ)''

(င) ''ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေတပ်)'' ဆိုသည့် စကားရပ်အစား ''ကာကွယ်ရေးဦးစီးချုပ် (လေ)''
ဆိုသည့် စကားရပ်တို့ကို ထည့်သွင်းရမည်။